# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

September 25 , 2023 | Volume 70, Number 17


၂၅.၉.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၃.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၇.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၆၇.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၉.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၂၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၅၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၈၉ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၈.၂၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၁၁၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## အောက်တိုဘာလမှဒီဇင်ဘာလအထိ (၃) လအတွင်း ပြည်ပသို့ ဆန်တန်ချိန် (၇) သိန်း တင်ပို့မည်

လာမည့် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ပြည်ပသို့ဆန်တန်ချိန် (၇) သိန်း တင်ပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှဥက္ကဋ္ဌ ဦးရဲမင်းအောင်၏ ပြောကြားချက်အရ သိရသည်။

စက်တင်ဘာလ (၂၃) ရက်က ပြုလုပ်သည့် ပုဂ္ဂလိကအခန်းကဏ္ဍမှ ဆန်စပါး လုပ်ငန်းကိစ္စများ ဆောင်ရွက်နေမှုအခြေအနေများအပေါ် သတင်းပြန်ကြားရှင်းလင်း ဆွေးနွေးပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ "ပြည်ပတင်ပို့မှုအနေနဲ့ မနှစ်နဲ့ယှဉ်ရင် လျော့နည်းသွားတာမှန်ပါတယ်။ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လက ပုံမှန်ဆို အပို့နည်းပါတယ်။ ကျန်တဲ့ကာလမှာတော့ တိုးပြီးတင်ပို့ပါတယ်။ နိုင်ငံတကာဈေးကလည်း မြင့်နေတယ်။ ပြည်တွင်းဈေးကလည်း မြင့်တက်နေတဲ့အချိန်မှာ ပြည်တွင်းဈေးကွက်ကို ထိခိုက်မှု မရှိစေဘဲနဲ့ ပြည်ပကိုတင်ပို့တာဖြစ်ပါတယ်"ဟု ဦးမင်းအောင်ကဆိုသည်။

ပြည်ပသို့ ဆန်တင်ပို့မှုအနေဖြင့် လာမည့်အောက်တိုဘာလတွင် တန်ချိန် (၂) သိန်း၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် တန်ချိန် (၂) သိန်းခွဲစီ တင်ပို့သွားမည်ဖြစ်ကြောင်း သိရသ ည်။

မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် ဆန်ကို ပြည်ပသို့ တစ်နှစ်လျှင် တန်ချိန် (၂) သန်းခန့်သာ တင်ပို့လျက်ရှိရာ ယခုနှစ်တွင်လည်း တန်ချိန် (၂) သန်းတင်ပို့ရန် ခန့်မှန်း ထားကြောင်းသိရသည်။

ယခုဘဏ္ဍာနှစ်ဖြစ်သည့် ဧပြီလမှ ဩဂုတ်လအတွင်း ပြည်ပသို့ဆန်တန်ချိန် သုံးသိန်းရှစ်သောင်း တင်ပို့ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၆၆ သန်းရရှိထား ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်ထားသည့် စာရင်းများအရသိရ သည်။

ဧပြီလတွင် ဆန်တန်ချိန် ရှစ်သောင်းကျော်၊ မေလတွင် ဆန်တန်ချိန် တစ်သိန်း ကျော်၊ ဇွန်လတွင် ဆန်တန်ချိန် ခြောက်သောင်းကျော်၊ ဇူလိုင်လတွင် ဆန်တန်ချိန် ငါးသောင်းကျော်နှင့် ဩဂုတ်လတွင် ဆန်တန်ချိန် ခြောက်သောင်းနီးပါး တင်ပို့ခဲ့ခြင်း ဖြစ်ကြောင်းလည်း သိရသည်။

ပြည်ပသို့ ဆန်တင်ပို့ရာတွင် ပင်လယ်ရေကြောင်းမှ အများဆုံးတင်ပို့နေခြင်းဖြစ်ပြီး တရုတ်၊ ဖိလစ်ပိုင်၊ စပိန်၊ ပေါ်တူဂီ၊ ဘူလ်ဂေးရီးယား၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ UK အပါအဝင် နိုင်ငံပေါင်း (၂၀) ကျော်ကို တင်ပို့နေခြင်းဖြစ်သည်။

**Source:** https://www.popularmyanmar.com/?p=130655


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၈၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## နှမ်းဈေးကျဆင်းပြီး ဈေးကွက်အေးနေ




မကွေးမြို့မှာ နှမ်းဈေးကျဆင်းပြီး အရောင်းအဝယ်လည်း အေးနေတယ်လို့ မကွေးကုန်စည်ဒိုင်ကနေ သိရပါတယ်။ နှမ်းဈေးဟာ ပေါ်ခါစက ဈေးကောင်းခဲ့ပြီး တဖြည်းဖြည်းနဲ့ ဈေးကျဆင်းလာတာလို့ ဆိုပါတယ်။ နှမ်းဈေးကျဆင်းတာဟာ ဝယ်လိုအားနည်းနေတဲ့အတွက် ဈေးကျဆင်းနေတာဖြစ်တယ်လို့ မကွေးကုန်စည်ဒိုင် ဒုဥက္ကဋ္ဌ-၂ ဦးကျော်ထွန်းက ပြောပါတယ်။

ပြီးခဲ့တဲ့နှစ်တွေကတော့ နှမ်းဈေးဟာ ပေါ်ခါစမှာ ဈေးမရပေမယ့် တဖြည်းဖြည်း ဈေးမြင့်တက်ခဲ့တာပါ။ အခုနှစ်ကတော့ ပေါ်ခါစမှာ ဈေးအမြင့်ဘက်မှာရှိခဲ့ပေမယ့် လက်ရှိမှာ ဈေးအကျဘက်မှာရှိနေတာဖြစ်ပါတယ်။ မကွေးနယ်မှာ မိုးသီးနှံအနေနဲ့ နှမ်းစိုက်ပျိုးရာမှာ ဂျပန်နှမ်းဖြူ၊ စမုံနှမ်းနက်၊ ရိုးရိုးနှမ်းဖြူမျိုးတွေကို စိုက်ပျိုးကြပြီး အခုနှစ်မှာ နှမ်းအဖြူက ဈေးအမြင့်ဆုံး ဖြစ်နေတယ်လို့ သိရပါတယ်။ မကွေးတိုင်းအတွင်းက ထွက်ရှိတဲ့နှမ်းတွေကို ဂျပန်၊ ကိုရီးယား၊ တရုတ်အစရှိတဲ့ နိုင်ငံတွေကို တင်ပို့မှုတွေရှိနေတယ်လို့ သိရပါတယ်။

One News Myanmar မှကူးယူဖော်ပြပါသည်။

**Source:** https://t.me/htwettoe

## ၁၅.၉.၂၀၂၃ မှ ၂၂.၉.၂၀၂၃ နေ့အထိ ဈေးကွက်သုံးသပ်ချက်




ခုတစ်ပတ်မှာ ဆန်ကဈေးငြိမ်နေပြီး စပါးဈေးကွက်က လှုပ်ခတ်ပြီးဂယက်ထနေပါတယ်။ ကုလားပဲ၊ မတ်ပဲနဲ့ပဲစင်းငုံနီကတော့ ခုတစ်ပတ်မှာ ဈေးနှုန်းပြန်လည်မြင့်တက်လာပါတယ်။

**ဆန်ဈေးကွက်**

ဆန်ဈေးမြင့်တက်တာကိုထိန်းဖို့ဆိုပြီး ပြည်ပဆန်တင်ပို့တာတွေရပ်ထားသလို၊ ဆန်ကို နယ်ကျော်သယ်ယူတဲ့ခွင့်ပြုချက် တောင်းခံရတာ၊ တောင်သူတွေဆီက တိုက်ရိုက်ဆန်မဝယ်ပဲကုန်စည်ဒိုင်ကနေသာ ဝယ်ယူဖို့အပါအဝင် စတဲ့တင်းကျပ်မှုတွေ လုပ်နေပေမယ့်လည်း ဆန်ဈေးက ကျမသွားပဲ အမြင့်ဈေးတန်းမှာပဲ ငြိမ်နေပါတယ်။

ရန်ကုန်ဝါးတန်းဈေးကွက်မှာ ကျားပျံရှယ်၊ ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြပေါ်ဆန်း၊ ပေါ်ဆန်းနယ်စုံက တစ်အိတ်ကို ၁၀၀၀၀၀ ကျပ် ဈေးပေါက်ပြီး ပြင်ပဈေးကွက်မှာတော့ တစ်အိတ် ကို ၁၂၀၀၀၀ မှ ၁၃၅၀၀၀ ကြားရှိနေပါတယ်။ အလားတူရွှေဘိုပေါ်ဆန်းက ရန်ကုန်ဝါးတန်းဈေးကွက်မှာ တစ်အိတ်ကို ၁၂၅၀၀၀ ကျပ်ဈေးပေါက်ပြီး ပြင်ပဈေးကွက်မှာ တစ်အိတ်ကို ၁၅၀၀၀၀ မှ ၁၆၀၀၀၀ ရှိနေပါတယ်။

**စပါးဈေးကွက်**

မိုးစပါးသစ်ကို ရည်ညွှန်းဈေးသတ်မှတ်လိုက်တာကြောင့် ဈေးကွက်ကမောက်ကမဖြစ်မှာကို တောင်သူတွေစိုးရိမ်နေကြပါတယ်။ ရည်ညွှန်းဈေးက ပြင်ပစပါးပေါက်ဈေးထက်နည်းနေတာကြောင့်ဖြစ်ပါတယ်။

ဆန်စပါးအသင်းချုပ်ကထုတ်ပြန်တဲ့ ရည်ညွှန်းဈေးက ငစိန်နဲ့ညှော်မထစပါးကို ၁၃ သိန်းမှ ၁၅ သိန်း၊ ဧရာမင်း ဧရာပဒေသာနဲ့ ဧရာဝတီပေါ်ဆန်းက ၁၆ သိန်းမှ ၁၈ သိန်း၊ရွှေဘိုပေါ်ဆန်းကတော့ ၁၈ သိန်းမှ သိန်း ၂၀ ကျပ် ဖြစ်ပါတယ်။

ပြင်ပဈေးကွက်ပေါက်ဈေးက ရွှေဘို၊ ဧရာမင်း၊ ဧရာပဒေသာ၊ ဧရာဝတီပေါ်ဆန်းက စပါးတင်း ၁၀၀ ကို အနိမ့်ဆုံးဈေး သိန်း ၂၀ မှ အမြင့်ဆုံးဈေး ၂၅ သိန်းဝန်းကျင်ထိပေါက်ဈေးရှိပြီး ငစိန်အပါ ဆန်ကြမ်းအုပ်စုဝင် စပါးတွေကတော့ တင်း ၁၀၀ ကို ၁၆ သိန်းမှ သိန်း ၂၀ ကြားရှိတယ်လို့ သိရပါတယ်။ လက်ရှိမှာ မိုးစပါးတွေ စတင်ရိတ်သိမ်းနေပြီဖြစ်ပါတယ်။

**မတ်ပဲ**

အရင်တစ်ပတ်က ဈေးကျခဲ့တဲ့မတ်ပဲကလည်း ခုတစ်ပတ်မှာ ဈေးပြန်လည်မြင့်တက်လာပါတယ်။ အိန္ဒိယဘက်မှာ မတ်ပဲအသစ်တွေစတင်ပေါ်နေပေမယ့်လည်း စားနပ်ရိက္ခာလုံလောက်မှုမရှိတာ၊ မြန်မာပြည်တွင်း မတ်ပဲအဟောင်း လက်ကျန်နည်းတာကြောင့် ဈေးကပြန်တက်လာတာဖြစ်တယ်လို့ ကုန်သည်တွေဆီကသိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ မတ်ပဲ (FAQ/RC) က တစ်တန်ကို ၂၆၃၄၀၀၀ ပေါက်ဈေးရှိနေပြီး အရင်တစ်ပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၁၄၄၀၀၀ ဈေးပြန်တက်လာပါတယ်။ မတ်ပဲ (RAW) ကလည်း တစ်ပိဿာကို ၄၂၇၅ မှ ၄၃၂၅ ကျပ်ဈေးရှိပြီး ၂၀၀ ကျော် ဈေးပြန်တက်လာပါတယ်။ နယ်တွေမှာလည်း မတ်ပဲပိဿာ ၂၀ ကို ၈၅၂၀၀ ကျပ်ဈေးပေါက်နေပြီး အရင်တပတ်ကထက် ၅၀၀၀ ကျော် ဈေးပြန်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာလည်း မတ်ပဲပိဿာ ၆၀ တစ်အိတ်ကို ၂၄၀၀၀၀ မှ ၂၄၅၀၀၀ ကျပ်ဈေးရှိလို့ အရင်တစ်ပတ်ကထက် ၅၀၀၀ ဈေးပြန်တက်လာပါတယ်။

**ပဲစင်းငုံနီ**

အရင်တစ်ပတ်က ဈေးကျခဲ့တဲ့ ပဲစင်းငုံနီက ခုတပတ်မှာ ဈေးပြန်မြင့်တက်လာပေမယ့် အရောင်းအဝယ်အေးနေတယ်လို့ ကုန်စည်ဒိုင်တွေကပြောပါတယ်။ တစ်တန်ကို သိန်း ၄၀ အောက်ထိ ရောက်ရှိသွားခဲ့ပြီး တစ်ပတ်အတွင်း ပြန်လည် မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီတစ်တန်ကို ငွေကျပ်သိန်း ၄၀၅၀၀၀၀ ဈေးရှိပြီး အရင်တစ်ပတ်ထက် ၅၀၀၀၀ ကျပ်ပြန်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲစင်းငုံနီကို ဈေးဖွင့်ထားခြင်းမရှိပါဘူး။ ပဲစင်းငုံနီကိုတော့ အိန္ဒိယကို အဓိကတင်ပို့နေရတာဖြစ်ပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းကတော့ ဒီတစ်ပတ်ရန်ကုန်ဈေးကွက်မှာ ပြန်တက်လာပြီး မန္တလေးဈေးကွက်မှာ အနည်းငယ်ပြန်ကျသွားပါတယ်။ တရုတ်ဘက်မှ အဝယ်ရှိနေသည့်အတွက် ဈေးပြန်မြင့်တက်လာသည်ဟု ကုန်သည်များကပြောသည်။

ရန်ကုန်ဈေးကွက်မှာ ပဲတီစိမ်း(ခရမ်းရွှေဝါ)က တစ်ပိဿာကို ၃၆၃၀ ကျပ်ရှိပြီး ၅၀ ကျပ်တက်လာ၊ ပဲတီစိမ်း (ပဲခူးရွှေဝါ) က ၃၄၆၅ ဈေးပေါက်လို့ ၁၃၅ ကျပ်တက်လာပြီး ပဲတီစိမ်း(ဝါးခယ်မ)ကတော့ တစ်ပိဿာကို ၂၇၁၅ မှ ၃၂၅၀ ကျပ် ဈေးရှိပြီး အရင်တပတ်ကထက် ၈၀ ကျပ် တက်လာပါတယ်။

မန္တလေးဈေးကွက်မှာ ပဲတီစိမ်း(အညာ)ပိဿာ ၅၆.၂၅ တစ်အိတ်ကို ၁၅၅၀၀၀ မှ ၁၇၅၀၀၀ ဈေးပေါက်ပြီး အရင်တစ်ပတ်ကထက် ၂၀၀၀ ကျပ် ကျသွားပါတယ်။

**ပဲလွန်း**

ပဲလွန်းအမျိုးအစားတွေကတော့ အရင်တစ်ပတ်ကထက် ဈေးပြန်တက်လာတာတွေ့ရပါတယ်။ ပြည်ပ ဝယ်လက်ရှိနေတဲ့အတွက် အရောင်းအဝယ်သွက်နေတာဖြစ်တယ်လို့ သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲလွန်းဖြူပဲခူးက ၂၈၀၀ မှ ၂၈၈၅ ကျပ်ဈေးပေါက်ပြီး ၅၀ ကျပ်မြင့်တက်လာ၊ ပဲလွန်းဖြူမြစ်ဝကျွန်းပေါ်က ၂၅၈၀ မှ ၂၇၅၀ ဈေးရှိပြီး ၂၀၀ ကျပ် တက်လာပါတယ်။ ပဲလွန်းနီမြစ်ဝကျွန်းပေါ်ကတော့ ၃၁၆၅ မှ ၃၆၅၀ ကျပ်ဈေးပေါက်ပြီး ၁၅၀ မြင့်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲလွန်းပြာက တစ်အိတ်ကို ၁၉၀၀၀၀ ရှိပြီး အမြင့်ဈေးနဲ့ ငြိမ်နေပါတယ်။။

**ကြက်သွန်နီ**

ကြက်သွန်နီကတော့ ဈေးကျဆင်းနေပါတယ်။ ဈေးကွက်ထဲ အဝင်များနေတဲ့အတွက်ဈေးတွေ ကျဆင်းသွားတာဖြစ်ပါတယ်။ နေ့စဉ် ဈေးကွက်ထဲကိုကြက်သွန်ကား အစီးရေ ၂၀ ကျော် ပိဿာချိန် ၁ သိန်း ၂ သောင်းကျော် အဝင်ရှိနေပြီး ပြီးခဲ့တဲ့အပတ်ထက် ပိဿာချိန် ၅ သောင်းကျော် များလာပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ကြက်သွန်နီ(ဆိပ်ဖြူ၊မုံရွာ)က တစ်ပိဿာကို ၂၆၀၀ မှ ၃၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့ အပတ်နဲ့ယှဉ်ပါက ၁၀၀ ကျပ် ဈေးကျဆင်းသွားသည်။

**ကြက်သွန်ဖြူ**

ကြက်သွန်ဖြူ(ကြူကုတ်)ကတော့ ဈေးအကျနဲ့တန့်သွားပေမယ့် ရှမ်းကတော့ ရန်ကုန်ဈေးကွက်အတွင်းမှာ ဈေးကျဆင်းသွားခဲ့ပါတယ်။ ဈေးမြင့်နေတဲ့အတွက် ဝယ်လိုအားလျော့သွားတယ်လို့ ကုန်စည်ဒိုင်တွေကပြောပါတယ်။ နယ်ဈေးကွက်မှာတော့ မကျဘူးလို့သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ ကြူကုတ်ရှယ် တစ်ပိဿာကို ၇၄၀၀ မှ ၇၅၀၀ ကျပ်ရှိပြီး ဈေးငြိမ်ပါတယ်။ ရှမ်းပြည်နယ်ကထွက်တဲ့ အောင်ပန်းထူး ၂ က ၇၃၀၀ ကျပ်၊ အောင်ပန်းထူး ၃ က ၈၀၀၀ ကျပ်၊ အောင်ပန်းထူး ၄ က ၈၂၀၀ ကျပ်နဲ့ အောင်ပန်းထူး ၅ က ၈၆၀၀ ကျပ်ဈေးပေါက်လို့ အရင်တစ်ပတ်နဲ့ယှဉ်ရင် ၂၀၀ ကျပ် ကျသွားပါတယ်။

**Source:** https://t.me/htwettoe

## ကမ္ဘောဒီးယား ရေထွက်ကုန်များ ပထမဆုံးအသုတ် တရုတ်ဈေးကွက်သို့ တိုက်ရိုက်တင်ပို့



ကမ္ဘောဒီးယားသည် ၎င်း၏ရေထွက်ပစ္စည်း ပထမအသုတ်ကို တရုတ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့ခဲ့သည်။

ရေထွက်ပစ္စည်းကဏ္ဍတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဖြင့် တိုက်ရိုက်တင်ပို့နိုင်ခြင်းဖြစ်သည်။ ပထမဆုံးအသုတ် ရေထွက်ကုန်များကို စက်တင်ဘာလ ၁၄ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံမှ Kim Chou Co., Ltd. က တင်ပို့ခဲ့သည်။ ၎င်းကုမ္ပဏီသည် သဘာဝရေထွက်ပစ္စည်းများကို တရုတ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့ရန် အသိအမှတ်ပြု ခွင့်ပြုပေးခံရသည့် ပထမဆုံးဖြစ်သော ကမ္ဘောဒီးယားကုမ္ပဏီဖြစ်သည်ဟု စိုက်ပျိုးရေး၊ သစ်တောနှင့်ရေလုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။

တရုတ်နိုင်ငံ ရေထွက်ပစ္စည်းအမျိုးအစား နှစ်မျိုးတင်ပို့ခဲ့သည်။ တမျိုးမှာ အေးခဲရေချိုငါးရှဉ့်များဖြစ်ပြီး ကျန်တမျိုးမှာ အေးခဲရေချိုပုစွန်များ ဖြစ်ပါသည်။ နှစ်မျိုး စုစုပေါင်း ၁၀ တန် တင်ပို့ခဲ့သည်ဟု အဆိုပါဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ Im Rachna က ပြောသည်။

ပထမဦးစားပေးမှာ တရုတ်အကောက်ခွန်ဦးစီးဌာနမှ သတ်မှတ်ထားသော သန့်ရှင်းမှုနှင့်ဇီဝဗေဒဆိုင်ရာ စံနှုန်းများနှင့်အညီ အရည်အသွေးထိန်းသိမ်းရန်ဖြစ်ကြောင်း သူမကပြောကြားသည်။ သို့မှသာ နောက်နောင်တွင် ကမ္ဘောဒီးယားရေထွက်ပစ္စည်းများ ဆက်လက်တင်ပို့ခွင့်ရရှိမည်ဖြစ်သည်။ “ကမ္ဘောဒီးယားရေထွက်ကုန်တွေကို တရုတ်ဈေးကွက်ထဲသို့ တင်ပို့မှုမြှင့်တင်ပေးခြင်းအားဖြင့် ကမ္ဘောဒီးယား ငါးလုပ်ငန်းသမားတွေရဲ့ အသက်မွေးဝမ်းကြောင်းကို မြှင့်တင်ပေးနိုင်ပြီး နိုင်ငံတော်ရဲ့ စီးပွားရေးတိုးတက်မှုကို အထောက်အကူဖြစ်စေမယ်"ဟု ဝန်ကြီးဌာနကမျှော်လင့်ကြောင်း သူမကပြောကြားသည်။ "တရုတ်ဈေးကွက်မှာ ဝယ်လိုအားများလာတာနဲ့အမျှ ကမ္ဘောဒီးယားနိုင်ငံမှ ရေထွက်ပစ္စည်းတင်ပို့မှု တိုးလာမယ်။ ကမ္ဘောဒီးယားတွင် ငါးလုပ်ငန်းသမားတွေ ပိုအလုပ်ဖြစ်ကြမယ်"ဟု သူမကပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် သဘာဝရေထွက်ပစ္စည်းများကို တရုတ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့ရန် မေလတွင် တရုတ်အကောက်ခွန် အထွေထွေအုပ်ချုပ်ရေးက ခွင့်ပြုခဲ့ပြီးနောက် ယခုပထမဆုံးအကြိမ် တင်ပို့ခဲ့ခြင်းဖြစ်သည်။ Kim Chou Co., Ltd သည် ပုစွန်၊ ငါး၊ ငါးရှဉ့်နှင့်ခရုအပါအဝင် ကမ္ဘောဒီးယား သဘာဝရေထွက်ကုန် ၁၁ မျိုးကို တရုတ်နိုင်ငံသို့တင်ပို့ရန် ခွင့်ပြုချက်ရရှိထားသည်။ စိုက်ပျိုးရေးကဏ္ဍ ထုတ်ကုန်များတွင် ယခုနှစ်တွင် ငရုတ်ကောင်းတင်ပို့ခွင့်ကို တရုတ်နိုင်ငံထံမှရရှိခဲ့ပြီးနောက် ဒုတိယမြောက် တင်ပို့ခွင့်ရသည့် စိုက်ပျိုးရေးထုတ်ကုန်အဖြစ် ရေထွက်ပစ္စည်း တိုက်ရိုက်တင်ပို့ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

**Source: khmertimeskh**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6926-cambodia.html

## ကုန်စည်အချို့၏ ဈေးနှုန်းလျှော့ချရေး လမ်းညွှန်ချက်များအတွက် ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက အချက်အလက်များစုဆောင်းလျက်ရှိ

နိုင်ငံသားများ နေ့စဉ်မရှိမဖြစ် အသုံးပြုလျက်ရှိသော ကုန်စည်များအပေါ် ဈေးနှုန်းလျှော့ချမည့် လမ်းညွှန်ချက်များနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲတစ်ခုကို အဓိက စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသူများ၊ ရှော့ပင်းမော်လ်များနှင့် ပို့ကုန်များပါဝင်၍ ကျင်းပသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး Mr. Thumtham Wechayachai က ပြောကြားခဲ့ပါသည်။

စားသုံးသူများ၏ ကုန်ကျစရိတ်များ လျှော့ချပေးရာတွင် ပြဿနာများမဖြစ်ပေါ်စေရေး အားလုံးပါဝင် ဆောင်ရွက်သူများ အပေါ် မူတည်ရန်လိုကြောင်း၊ မည်သည့် ကုန်ပစ္စည်းများအပေါ် ဈေးနှုန်းလျှော့ချမည်ဆိုသည်မှာ ယခု လောလောဆယ်တွင် ဖြေကြားရန်ခက်ခဲနေသေးပါကြောင်း၊ ပြည်သူများ၏ ကုန်ကျစရိတ်ကိုလျှော့ချရန်နှင့် ဝင်ငွေတိုးပွားစေရမည့် အစိုးရ၏ ဦးတည်ချက်နှင့်လည်း ကိုက်ညီရန်လိုအပ်ကြောင်း ဝန်ကြီးကဖြည့်စွက်ပြောကြားခဲ့ပါသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က လုပ်ငန်းငယ်ပိုင်ရှင်များနှင့် ဆန်ဈေးနှုန်းအခြေအနေသိရှိနိုင်ရန် ဆန်စက်ပိုင်ရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ လာမည့်အပတ်တွင် လုပ်ငန်းကြီးပိုင်ရှင်များ၊ ပို့ကုန်လုပ်ငန်းရှင်များနှင့် ထုတ်လုပ်သူများ ပါဝင်သည့် အစည်းအဝေးတွင်ဈေးနှုန်းလျှော့ချမည့် အစီအစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းသော အချက်အလက်များ စုဆောင်းသွားမည်ဖြစ်ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားပါသည်။

လျှပ်စစ်ခတ်အားခလျှော့ချရာတွင် အဓိကအကျိုးရှိစေမည့် ဈေးဝယ်စင်တာများရှိ ပြင်ဆင်ချက်ပြုတ်ရောင်းချသည့် အစားအသောက်များ၏ ဈေးနှုန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်ခတ်အားခအပေါ် မမှီတည်သော မည်သည့်ကုန်စည်များ၏ ဈေးလျှော့ချသင့်သည်ဆိုသည်ကို ဈေးဝယ်စင်တာ လည်ပတ်နေသူများနှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးအနေဖြင့် ယခုကိစ္စရပ်နှင့် စပ်လျဉ်းသည့် ဦးစီးဌာနများနှင့်အဖွဲ့အစည်းများအပေါ် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ဝန်ကြီးကဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပါသည်။

**Source: www.bangkokpost.gov**

**( စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_250920230953

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အကောက်ခွန်သက်သာခွင့်လက်မှတ်အစောင်ရေ ၈၈၀၀ ကျော် ကုန်သွယ်ခွင့်ပြုထား

၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်ထုတ်ပေးမှု လက်မှတ်အစောင်ရေ ၈၈၀၀ ကျော် အမေရိကန်ဒေါ်လာ ၃၇၂ သန်းကျော်ကို ကုန်သွယ်ခွင့်ပြုထားပြီးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ သိရသည်။


ပို့ကုန်သွင်းကုန်ရုံး(ရန်ကုန်)၊ မြဝတီကုန်သွယ်ရေးစခန်း၊ တာချီလိတ်၊ ကော့သောင်း၊ မြိတ်နှင့်မောတောင်စသည့် ကုန်သွယ်ရေးစခန်းများအလိုက် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များကို ထုတ်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။ ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်အရ ဖိလစ်ပိုင်နှင့်ဗီယက်နမ်မှအပ ကျန်အာဆီယံနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ ထိုင်း၊ ဘရူနိုင်း၊ လာအို၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံများသို့ တင်ပို့မည့် မြန်မာ့ပင်ရင်း ထုတ်ကုန်များအတွက် အကောက်အခွန်သက်သာခွင့်ဆိုင်ရာ CO Form RCEP ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအောက်ရှိ သက်ဆိုင်ရာ ပို့ကုန်သွင်းကုန်ရုံးများနှင့် ကုန်သွယ်ရေးစခန်းများတွင် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁) ရက်မှစတင်၍ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားခွင့်ပြုထားပြီးဖြစ်ကြောင်းလည်း သိရသည်။

ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership –RCEP) သဘောတူစာချုပ်အတွက် ဆွေးနွေးညှိနှိုင်းမှုများကို ၂၀၁၃ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံနှင့် ဆွေးနွေးဖက် (၆)နိုင်ငံဖြစ်သော ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယားနှင့် နယူးဇီလန်စသည့် (၁၆) နိုင်ငံတို့ အကြား ဆွေးနွေးညှိနှိုင်းခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံမှအပ ကျန် (၁၅) နိုင်ငံနှင့် လက်မှတ်ရေးထိုးထားပြီး ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ (၁၅) ရက်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဩစတြေးလျ၊တရုတ်၊ ဂျပန်၊ ကိုရီးယား၊ နယူးဇီလန်တို့ ပါဝင်လက်မှတ်ရေးထိုးခဲ့သော ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်သည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်မှ စတင်ကာ အသက်ဝင်နေပြီဖြစ်ကြောင်းလည်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=130756

## STOCK EXCHANGE (25.9.2023)



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

**Stock trading data**

As of 22nd Sep. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,501 (Shares) | 18,113,900 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +100 | +1.12% | 8,900 | 9,000 | 8,900 | 401 | 3,605,800 | 33,109,694 | 297,987 |
| MTSH | 00002 | 3,050 | +50 | +1.67% | 2,950 | 3,050 | 2,950 | 1,639 | 4,844,600 | 38,929,150 | 118,734 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 0 | 0 | 10,400,986 | 76,967 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 2,387 | 4,054,900 | 29,664,613 | 50,430 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 3 | 7,200 | 12,823,224 | 30,776 |
| EFR | 00006 | 2,200 | +100 | +4.76% | 2,200 | 2,200 | 2,200 | 450 | 990,000 | 19,977,223 | 43,950 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 11 | 53,900 | 10,497,598 | 51,438 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 2,610 | 4,557,500 | 23,804,946 | 41,659 |



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

**Market summary**


As of 22nd Sep. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 377.45 | +3.85 | +1.03% | 372.57 | 377.45 | 372.57 | 7,501 | 18,113,900 | 8 | 711,941 |

**Index chart**





YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

We are the first-ever modern stock exchange in Myanm: Quick link Notice Disclosure

**Market Overview**

**Grand Total Trading** [Total trading (MB) + Total trading (PLB)]

As of 22nd Sep. 2023

| Trading Volume | Trading Value |
|---|---|
| 7,501 (Shares) | 18,113,900 (MMK) |

**Main Board**

As of 1:00 pm, 22nd Sep. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,501 (Shares) | 18,113,900 (MMK) |

| MYANPIX | 377.45 ▲ 3.85 |
|---|---|
| Total Volume (shares) | 7,501 |
| Total Value (MMK) | 18 mil |
| Listed Company | 8 |
| Market Cap. (MMK) | 711,941 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 100 |
| MTSH | 00002 | 3,050 | ▲ 50 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,200 | ▲ 100 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |